## မင်းခိုက်စိုးစန်
## ထက်မြတ်နိုင်ဇင်

# ဇာတ်သိမ်းခန်းကို
# သင်ကိုယ်တိုင် ရေးသားပါ

ဖြည့်စွက်




သူစိမ်းများ နှင့် နေ့လယ်စာ (၁)

မေးခွန်းများ နှင့် လူ

နေက တော်တော်ပူနေတယ်။

အေးစိမ့်နေတဲ့ အသံဖမ်း စတူဒီယိုခန်းထဲက ထွက်လာလို့ လား မသိ

ဘူး။ အပြင်က အပူရှိန်ကို ပိုပြီး သိသိသာသာ ခံစားရတယ်။ FM Radio အစီအစဉ်တစ်ခုအတွက် ကျွန်တော့် ဝတ္ထုတိုတစ်ပုဒ်ကို အသံလွှင့်ဖို့ အသံသွင်းနေကြတာပါ။ ကျွန်တော်ကတော့ ဇာတ်ကြောင်း ပြောတဲ့ သူနေရာက ဖတ်ပြခဲ့ပြီးသွားပြီ။ ဇာတ်ကောင်တွေနေရာက သရုပ်ဆောင်မယ့် ရုပ်ရှင် သင်တန်းသား အသစ်ကလေးတွေကိုတော့ ကျွန်တော့်ညီမက အပြန်အလှန် အချီအချပြောခိုင်းပြီး ဇာတ်တိုက်နေတယ်။

ကျွန်တော့်ဗိုက်ထဲက နည်းနည်းဆာသလိုလို ဖြစ်လာတယ်။ သိတယ် မဟုတ်လား။ ကိုယ်က ဘာမှ လုပ်စရာ မရှိတော့ဘဲ ထိုင်နေရပြီဆိုရင် စိတ်ထဲက ‘ဆာ’ သလိုလို … ‘ဟာ’ သလိုလို ဖြစ်နေကျပုံစံမျိုးပေါ့။ ဒါနဲ့ အသံသွင်း စတူဒီယိုလုပ်ထားတဲ့ မြေညီထပ်တိုက်ခန်း တံခါးကို ဖွင့်ပြီး အပြင်ကို ထွက်ခဲ့လိုက်တယ်။

အပြင်ဘက်မှာ နေရောင်ဟပ်နေတဲ့ အလင်းဖြူဖြူ လက်လက်ဟာ မျက်စိတွေကို ကျိန်းစပ်နေစေလေရဲ့ ။

"ဘယ်ဆိုင်ကို သွားစားရင် ကောင်းမလဲ"

ကျောက်မြောင်းရပ်ကွက် ဆိုတော့ စားစရာဆိုင်တွေက အများ သား ။ လမ်းမတန်းတစ် လျှောက်မှာ ဆိုင်တွေကို တန်းစီနေတာပဲ။

ကားနဲ့ သွားရင် ကောင်းမလားလို့ စဉ်းစားလိုက်မိသေးတယ်။ ဒါပေမဲ့ ကျွန်တော့်ကားက ရှေ့ရော နောက်ရော ရှည်တယ်။ သိတယ် အတိုင်းပဲ။ ကျောက်မြောင်းရပ် ကျောက်မြောင်းရပ်ကွက်ရဲ့ လမ်းတွေက တစ်စီးနဲ့ တစ်စီး ပွတ်ကာသီကာ ရှောင်ပြီးသွားတဲ့ လမ်းကျဉ်းကလေးတွေလေ ။ ပြီးတော့ ကိုယ်စားချင်တဲ့ ဆိုင်ကို တွေ့ပြီပဲ ထားပါဦး။ ကားပါကင်ထိုးဖို့ နေရာက ရှိချင်မှ ရှိမှာ ။ ဒါနဲ့ ကျွန်တော်လည်း ကားနောက်ဖုံးက အရိုးရှည်ရှည် လက်ကိုင်ရိုး ကောက်ကောက် ထီးဟောင်းတစ်လက်ကို

ထုတ်ဆောင်းပြီး ဟိုငေးဒီငေး လျှောက်လာခဲ့တော့တယ်။

ကိုက် ၁၀၀ လောက် အတွင်းမှာ ကို ထမင်းကြော်ဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်တွေက လမ်းရဲ့ ဟိုဘက် သည် ဘက်မှာ ကျပ်ညပ်နေတာပဲ။ အဲဒီလို ဗိုက်တင်းမယ့် ဟာတွေတော့ မစားချင်ပြန်ဘူး။ တကယ်ဆို ကျွန်တော်က အိမ်ထမင်း အိမ်ဟင်းကိုပဲ နှစ်ခြိုက်တတ်တဲ့ သူပါ။ ကိုယ့်ရဲ့ ကျန်းမာရေးအတွက် အစားအသောက်နဲ့ ပန်းကန်ခွက်ယောက် သန့်ပြန့်တာ၊ အချိုမှုန့်ကို ရှောင်တာ၊ နေကြာဆီကို သုံးချင်တာစတဲ့ ဇီဇာကြောင်တာလေးတွေလည်း ရှိတာကိုး။

ဟော ... ဟိုမှာ တွေ့ပြီ။ ဆိုင်လေးက သပ်သပ်ရပ်ရပ်လေး။ မြေညီထပ်တိုက်ခန်းရှေ့ မြေကွက်လပ်မှာ ရွက်ဖျင်မိုး အပြာရောင်လေးနဲ့ သုံးဖက်သုံးတန် ဟင်းလင်းဖွင့်ထားတဲ့ ဆိုင်လေး။ အထဲမှာ စတီးစားပွဲခုံလေးတွေကလည်း ပြောင်လက်လို့ ။ ဆိုင်ရှေ့မှာ ရနိုင်တဲ့ စားစရာစာရင်းကို ဗိုင်းနဲလ်(Vinyl) ဆိုင်းဘုတ်လှလှလေး ထောင်ထားတယ်။ ကြာဆံဟင်းခါး၊ ထမင်းသုပ်၊ လက်ဖက်သုပ်၊ ကြာဆံသုပ်၊ လက်ဖက်ထမင်းတဲ့ ။

အတော်ပဲပေါ့။ ကျွန်တော်ကလည်း စိတ်အဆာပြေရုံ တို့ ထိ တို့ ထိပဲ စားချင်တာလေ။ ကျွန်တော် ဆိုင်ထဲကို လှမ်းဝင်လိုက်တယ်။ စားပွဲခုံတွေက လေးလုံးစီ အတန်းနှစ်တန်းခွဲပြီး နောက်မှာ တော့ မှန်ပုံးကောင်တာနဲ့ အစားအစာ ရှိတာပေါ့လေ။ ကျွန်တော်က ဘယ်ဘက်က ဒုတိယမြောက်စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ ကျွန်တော့်ဘေးဘက်နဲ့ တည့်တည့်ပိုင်းမှာ က အသက် (၄၀)ဝန်းကျင် အမျိုးသမီး (၃)ယောက်၊ လမ်းမဘက်ကျကျ အပြင်ဘက်ဆုံးဝိုင်းမှာ က ကျောင်းစိမ်းဝတ်စုံ ဝတ်ထားတဲ့ ဆရာမတစ်ယောက်နဲ့ သူ့သမီးဖြစ်ဟန်တူတဲ့ ကလေးမလေး

တစ်ယောက်တို့ ထိုင်နေတယ်။ သူတို့ နှစ်ယောက်တော့ တိတ်တိတ်ဆိတ်ဆိတ်ပါပဲ။ ဟို ... အမျိုးသမီး (၃)ယောက်ဝိုင်းကသာ စကားလုံးတွေ ပွက်ပွက်ထနေတာ။ အေးလေ ဒီလောက်တော့ ရှိမှာ ပေါ့ ...။

ကောင်တာရှေ့ ကပ်ရပ်ဝိုင်းမှာ ကတော့ အသက် ၅၀ ဝန်းကျင်အရွယ် လင်မယားဖြစ်ပုံရတဲ့ စုံတွဲက စားစရာ အမယ် တော်တော်များများမှာ စားထားဟန်တူရဲ့ ။ ပန်းကန်တွေကို ထပ်နေတာပဲ။ ကျွန်တော့်မျက်စိထဲ ကန့်လန့်ကြီးဝင်လာတဲ့ တစ်ချက်ကတော့ အဲဒီလူကြီးဝတ်ထားတဲ့ ပုဆိုးအနီရဲရဲ အကွက်ကျဲကြီးပါပဲ။ ဘယ့်နှယ်ဗျာ။ နေပူလို့ မျက်စိကျိန်းရတဲ့ ကြားထဲ။

"ဘာစားမလဲ အစ်ကို"

စားပွဲထိုး ကောင်မလေးက လာမေးတယ်။ လည်ပင်းကနေ ခါးအောက်ပိုင်းအထိ လုံအောင်စည်းထားတဲ့ အေပရွန်အဝတ်စတွေ ဘာတွေနဲ့ သပ်သပ်ရပ်ရပ်ပါပဲ။ ဒါနဲ့ ကျွန်တော်က ...

"လက်ဖက်ထမင်းတစ်ပွဲ။ ခရမ်းချဉ်သီးတွေ ထည့်မသုပ်နဲ့ နော်"

လို့ မှာ လိုက်တယ်။ တခြားကြောင့် မဟုတ်ဘူး ။ ကျွန်တော်က ခရမ်းချဉ်သီးအစေ့ကို အရမ်းကြောက်တာ။ ဆိုင် အတော်များများကလည်း ခရမ်းချဉ်သီးထည့်ရင် အစေ့ကို ဖယ်ထုတ်ရမယ်ဆိုတာ သိကြဟန်မတူဘူး။ ဒီအတိုင်းပဲလှီးပြီး ရောတိရောရာ ထည့်ပစ်လိုက်ကြတာပဲ။ အင်းလေ... စားဖိုမှူးသင်တန်းတွေ၊ ကျန်းမာရေးနဲ့ အစားအသောက် ကွပ်ကဲမှုသင်တန်းတွေ တက်ထားကြတာမှ မဟုတ်တာ။ တတ်သလောက် မှတ်သလောက်နဲ့ အိမ်ဆိုင်လေး ဖွင့်ကြတာဆိုတော့ သူတို့ မသိတာကိုလည်း အပြစ်ပြောရခက်တယ်။

ဆိုင်ထဲမှာ လူရှင်းနေလို့ လား မသိဘူး။ သိပ်မစောင့်လိုက်ရဘဲ လ

က်ဖက်ထမင်း ပန်းကန်ကို လာချတယ်။ တစ်ထောင်ကျပ်တန် ထမင်းတစ်ပွဲ အနေနဲ့ ကြည့်ရင် မနည်းလှပါဘူး။ ကျွန်တော်ကလည်း သိပ်ဆာလှတာ မဟုတ်တော့ တစ်ဇွန်းခပ်စားလိုက်၊ ရေနွေးကြမ်း ပူပူလေး မှုတ်သောက်လိုက်၊ ငရုတ်သီးစိမ်းတောင့်လေး ကိုက်လိုက်လုပ်နေမိတယ်။ ဟိုစတူဒီယိုမှာ ညီမလေးအသံသွင်းတာက ကြာဦးမှာ ကိုး။

အဲဒီအချိန်မှာ ပဲ…

"ကျွန်မတို့ သားအမိ ဘာမှ မစားရသေးလို့ ပါရှင်။ အကြွေလေးများ ပါရင် စွန့်ကြဲခဲ့ပါဦး"

ကြားရတဲ့ အသံက စိတ်မသက်သာစရာပါ။ ကျွန်တော် လှမ်းကြည့်လိုက်တော့ သူတောင်းစား မိန်းမဟာ ဆရာမတို့ သားအမိထိုင်နေတဲ့ ဝိုင်းနားမှာ ရပ်ပြီး တကျီကျီ တောင်းနေလေရဲ့ ။ သူတောင်းစားမိန်းမက အသက်(၃၀)လောက်ပဲ ရှိဦးမယ်ထင်တယ်။ ကာတွန်းထဲမှာ မြင်ရသလို အဖာရာဗရပွနဲ့ လုံချည်မျိုး ဝတ်ထားတာကတော့ မဟုတ်ဘူး ။ အပေါက်အပြဲ မရှိဘူးဆိုပေမယ့် လုံချည်ကတော့ တော်တော်လေး နွမ်းနေပြီ။ နေပူထဲ သွားဖန်များ လို့ ဖြစ်မယ်။ ဆံပင်ကလည်း နီကြောင်ကြောင်နဲ့ ။ ဖရိုဖရဲ စည်းထားတယ်။ နေလောင်ထားတဲ့ မျက်နှာမည်းမည်းပေါ်မှာ တင်းတိပ်ကွက်တွေကလည်း ဟိုတစ်စု ဒီတစ်စု ဖြစ်နေသေးတာ။ ပြီးတော့ သူက အပေါ်ပိုင်း အဝတ်ဗလာနဲ့ လေးငါးနှစ်သားကလေးကို လက်ကဆွဲထားလို့ ။

ကျွန်တော် စိတ် ကသိကအောက် ဖြစ်သွားတယ်။ စားနေသောက်နေတုန်း တန်းလန်းမှာ အဲဒီလို လာတောင်းတာကို ကျွန်တော် မနှစ်မြို့ဘူး။ ကိုယ့်ပါးစပ်ထဲ အစားတစ်လုတ် ရောက်ဖို့ ဆိုရင် စိတ်ကလည်း ကြည်ကြည်လင်လင် ချမ်းချမ်းမြေ့မြေ့ ရှိနေရမယ် မဟုတ်လား။ အခုလို

မျိုးကျတော့ဗျာ… ကိုယ်က ဘယ့်နှယ်လုပ်ပြီး စိတ်လက်ကြည်သာ ရှိတော့မှာ လဲ။ မျိုမကျဘူးပေ့ါ။

ကျွန်တော်က အိတ်ထဲမှာ ရှိတဲ့ အကြွေတွေထဲက နှစ်ရာတန်တစ်ရွက်ကို ထုတ်ပြီး စားပွဲထောင့်စွန်းမှာ ချ၊ ငရုတ်ကောင်းမှုန့်ဘူးနဲ့ ဖိပေးထားလိုက်တယ်။ ဟိုသူတောင်းစားမိန်းမ ကိုယ့်စားပွဲနား ရောက်လာရင် ပိုက်ဆံမြန်မြန်ယူပြီး မြန်မြန် ခွာသွားအောင်လို့၊ လူတွေ သနား အောင် တမင်လုပ်ယူထားတဲ့ သူ့ပါးစပ်က ကွဲကွဲရှရှထွက်လာမယ့် အသံဆိုးကြီးကို မကြားချင် ဘူးဗျာ။ စိတ်ပျက်စရာကြီး။

ထင်တဲ့ အတိုင်းပဲ။ ဆရာမဆီမှာ တောင်းပြီးတော့ ကျွန်တော့်စားပွဲဘက်ကို ခြေဦးလှည့် လာတယ်။ ဇွတ်လုပ်သံကြီးနဲ့ တောင်းဖို့ ပါးစပ်ပြင်နေတုန်းမှာ ပဲ စားပွဲနားက (၂၀၀)တန်ကို ကျွန်တော် မေးငေ့ါပြလိုက်တော့ သူ့မျက်လုံးတွေ တောက်ပသွားလေရဲ့ ။ အင်း… ဒီလိုတော့လည်း သနားစရာပဲ။ ကြည့်ရတာ အပူသည် ဇာတ်ရပ်ပေါက်အောင် ဇွတ်သရုပ်ဆောင်ပြီး ကရုဏာလက်နက်နဲ့ ဓားပြတိုက်နေတာတော့ မဟုတ်ဘူး ။ သူ့မျက်လုံးတွေထဲမှာ တကယ်ကို ဆာလောင်မွတ်သိပ်မှု အပြည့်နဲ့ ပဲ။

ကြည့်စမ်း၊ နေ့လယ် ၂ နာရီတောင် ကျော်နေပြီ။ ကိုယ်တွေတောင်မှ အားအားယားယား အဆာပြေ ထွက်စားနေတဲ့ အချိန်။ ဒီအချိန်ထိတောင်မှ သူရော သူ့ကလေးပါ မစားရသေးဘူးဆိုတော့ သနားပါတယ်လေ။ ဒါနဲ့ ကျွန်တော်က အိတ်ကပ်ထဲကို ထပ်စမ်းလိုက်တော့ အကြွေဆိုလို့ ၁၀၀ တန်တစ်ရွက်ပဲ ထွက်လာတော့တယ်။ အဲဒီတစ်ရွက်ကိုပဲ ထိပ်နားကျကျအစွန်းက ကိုင်ပြီး လှမ်းပေးလိုက်တယ်။

ဟူး … တော်သေးတယ်။ အဲဒီမိန်းမက ကျွန်တော် တွေ့ဖူးနေကျ သူတောင်းစားတွေလို ပတ်ချွဲနပ်ချွဲ ဆုတောင်းစာတွေ အရှည်ကြီး ရွတ်မ

နေလို့ ။ သူကြည့်ရတာ သူတောင်းစားလုပ်သက် မရင့်သေးဘူး ထင်တယ်။ ဘာပဲဖြစ်ဖြစ် ပိုက်ဆံယူပြီးတာနဲ့ ကျွန်တော့်စားပွဲနားက ခွာသွားလို့ စိတ်ချမ်းသာရပါရဲ့ ။

အဲဒီအချိန်မှာ ပဲ နောက်ဘက်ဆီကနေ ထွက်ပေါ်လာတဲ့ ယောက်ျားသံ ဩဩကြီးကို ကြားလိုက်ရတယ်။ ကောင်တာနား ကပ်ရပ်ဝိုင်းက ပုဆိုးနီနီနဲ့ လူကြီးရဲ့ အသံပဲ။

"ဟေ့ ... လား ... လာ ဒီကိုလာ..."

အမျိုးသမီး (၃)ယောက်ဝိုင်းဆီ ခြေလှမ်းပြင်နေတဲ့ သူတောင်းစားမိန်းမ သားအမိကို လှမ်းခေါ်လိုက်တဲ့ အသံပါ။ ခေါ်သံကြောင့် သူ့အနားလည်း ရောက်သွားရော အဲဒီပုဆိုးနီနီနဲ့ လူကြီးက ...

" လာလေဟာ ... နင့်ကလေး ဒီမှာ ချ၊ ကိုင်း... ထိုင်စမ်း နင်မစားရသေးဘူးဆိုရင် ဟောဒီမှာ ကြိုက်တာ မှာ စားစမ်းဟာ"

"ရှင်... ဦးလေး... ဟို... ဟို... ကျွန်မ ..."

"ဘာဖြစ်နေတာလဲ... စားစမ်းပါဟဲ့။ ငါ့ဒါနပေါ့ဟာ"

အဲဒီလူကြီးပြောနေတဲ့ စကားအသွားအလာကို ကြည့်ပြီး ကျွန်တော့်မျက်လုံး ပြူးသွားတယ်။ အလန့်တကြား ဆတ်ခနဲ လှည့်ကြည့် မိတော့မယ့်စိတ်ကို မနည်း ထိန်းချုပ်လိုက်ရတယ်။

အဲဒီလူကြီးက သူတောင်းစားမိန်းမကို တခြား ဝယ်ယူစားသုံးသူတွေနဲ့ အတူတူ ဆိုင်က စားပွဲမှာ ထိုင်စားခိုင်း နေတာပါလား။

အဲဒီ အလိုက်ကမ်းဆိုး မသိတဲ့ လူကို ကျွန်တော် စူးစူးရဲရဲ လှည့်ကြည့်ပစ်လိုက်ရင် ကောင်းမလား။ ဟင့်အင်း ... ကျွန်တော် ရိုင်းရာကျသွားမှာ ပေါ့။ ဟိုဘက်ဝိုင်းက စကားလုံးတွေ ပလုံစီဝေလို့ ပွက်ပွက်ညံနေတဲ့

အမျိုးသမီး သုံးယောက်လည်း ရှဲခနဲ တိတ်ဆိတ် သွားလိုက်တာ ဘာသံမှ ကို ထွက်မလာတော့ဘူး။ သူတို့ ရဲ့ မျက်လုံးတွေကလည်း ဟိုလူကြီးနဲ့ သူတောင်းစား မိန်းမဆီကို မသိမသာ ခိုးကြည့်နေကြလေရဲ့ ။ သူတောင်းစားမိန်းမက အားအင်ကင်းမဲ့တဲ့ မဝံ့မရဲအသံနဲ့

"ဟိုလေ... ကျွန်မကို ပိုက်ဆံပဲ ပေးလိုက်ပါလား။ တခြားမှာ သွားဝယ်စားလိုက်မယ်လေ"

"အံမယ်... လက်စသတ်တော့ နင်က ပိုက်ဆံလိုချင်လို့ တမင် လိမ်တောင်းတာပေါ့။ ဟုတ်လား... ဖွီ... တချို့ကလည်း စေတနာနဲ့ မတန်ဘူး။ သူများကလေးကို ငှား လာပြီး လူတွေ သနားအောင် အကြံအဖန် လုပ်ချင်ကြတယ်"

"မဟုတ်ပါဘူးရှင်။ ဒါ ကျွန်မကလေးပါ။ ဘုရားစူးရစေရဲ့ ကျွန်မတို့ တကယ်ကို ဗိုက်ဆာနေလို့ ပါ"

ကျွန်တော် လှည့်မကြည့်ဘဲ အဲဒီလူကြီးရဲ့ အမူအရာကို သူ့လေသံနဲ့ တင် မျက်လုံးထဲမှာ မြင်ယောင်နေတယ်။ တကယ် လူဖြောင့် စိတ်တိုကြီးလည်း ဖြစ်နိုင်ပါတယ်။ သူ့ကရုဏာကို လိမ် လည် လှည့်ဖြား ယူတယ်လို့ ထင်လိုက်တဲ့ အခါကျတော့လည်း သူ့ရဲ့ လူလူချင်း စာနာစိတ်တွေ ဘယ်ပျောက်သွားလဲ မသိဘူး။ မိုုချိုးမျှစ်ချိုး ပြောလိုက်တာဗျာ။

"ကိုင်း... ကိုင်း... ဒါဖြင့်လည်း မှာ စားပေတော့။ ငါက နင့်ကို ဗိုက် ဟောင်းလောင်းနဲ့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် တောင်းနေရမှာ စိုးလို့ စေတနာနဲ့ ပြောတာ။ ဒီဆိုင်က လက်ဖက် ထမင်း ကောင်းတယ်ဟဲ့။ စား... စား... ကလေးကိုလည်း ကျွေး။ ကျသလောက် ငါ ရှင်းမယ်။ ကြက်ဥကြော်နဲ့ ပါ လုပ်ဟေ့"

အခုကျတော့လည်း သူ့စကားသံတွေမှာ ကရုဏာတွေ၊ စေတနာတွေ

စီးမျောရက်ရော နေလိုက်တာ။ သူဟာ တကယ့်ကို တွေ့ရခဲတဲ့ စေတနာရှင် တစ်ယောက်လား။ ကလေးဆိုးကြီး တစ်ယောက်လား။

ကျွန်တော်က ဆိုင်ရှင်ဆီကအသံကို ကြားရမလားလို့ နားစွင့်နေမိတယ်။ တကယ်ဆို ဒီကိစ္စအတွက် ဆိုင်ရှင်မှာ လည်း တာဝန်ရှိတယ် မဟုတ်လား။ စားသုံးသူတွေ စိတ်အနှောင့်အယှက် မဖြစ်အောင် အစကတည်းက ဆိုင်ထဲကို 'အလှူခံမဝင်ရ' 'တောင်းရမ်းစားသောက်သူ များ မဝင်ရ' လို့ ကြပ်ကြပ်မတ်မတ် ကာဆီးထား ပေးသင့်တာပေါ့။ အခုတော့ ဆိုင်ရှင် ဘာ လုပ်မှာ လဲ။

ကျွန်တော်ကြားချင်နေတဲ့ ဆိုင်ရှင်ဆီက အသံထွက်မလာဘဲ သူတောင်းစားမိန်းမရဲ့ အသံ တုန်တုန်ယင်ယင်ကသာ...

"ဟိုလေ... ကြွပ်ကြွပ်အိတ်လေးနဲ့ ပဲ ထည့်ပေးလိုက်ပါလား။ ကျွန်မ တခြားမှာ ပဲ"

"ဟယ်... နင့်မလည်း ရှည်လိုက်တာ။ နေပူကြီးထဲ ကလေးကိုခေါ်ပြီး ဘယ်သွားဦးမလို့ လဲ။ စားမှာ စားစမ်း။ ငါက ကျွေးရင် စားမှ ကြိုက်တယ်"

တစ်ဖက်ဝိုင်းက အမျိုးသမီး (၃)ယောက်ကတော့ အဲဒီလူကြီးရှိရာဆီကို 'သူတောင်း စားလောက်တောင် အလိုက်ကမ်းဆိုး မသိရန်ကော' ဆိုတဲ့ အကြည့်နဲ့ ကြည့်နေတယ်ဗျ။

ကျွန်တော့်ဦးနှောက်ထဲမှာ မေးခွန်းတွေ ထပ်တိုးလာတယ်။

အဲဒီငနဲကြီးဟာ လူလူချင်း လုံးဝ အဆင့်အတန်း မခွဲခြားတတ်တဲ့ ပုဂ္ဂိုလ်ထူးကြီးတစ် ယောက်လား။ ရှေ့ရေးနောက်ရေး မြော်မြင် တွေးခေါ်နိုင်စွမ်းမရှိတဲ့ ငနုံအကြီးလား။

ဟော… ကြည့်ရတာ စားပွဲထိုးက အဲဒီလူကြီးမှာ တဲ့ အတိုင်း သွားချပေးလိုက်ပြီ ထင်ပါရဲ့ ။ ထိပ်ဆုံးဝိုင်းက ကျောင်းဆရာမက ဘာကိုမှ မသိမမြင်ချင်ယောင်ဆောင်ပြီး စားပွဲထိုးကို ပိုက်ဆံခေါ်ရှင်းတယ်။ ဘေးဝိုင်းက အမျိုးသမီးသုံးယောက်ကတော့ စားလက်စတန်းလန်း ဇွန်းကိုင်တဲ့ လက်တွေ နေးကွေးသွားလေရဲ့ ။ တစ်ယောက်မှ လည်း စကားမဆိုကြတော့ဘူး။ ခြောက်သွေ့ တိတ်ဆိတ်လို့ …။

ကျွန်တော်ကတော့ ခပ်တည်တည်ပဲ စဉ်းစားလိုက်တယ်။ ဟုတ်တယ်လေ။ သူတောင်း စားလည်း လူပဲဟာ။ လူလူချင်း တစ်ဝိုင်းတည်း မထိုင်ချင်စရာ ဘာအကြောင်းမှ မရှိဘူး။ ပြီးတော့ ကိုယ့်ပန်းကန်ထဲ လာနှိုက်စားတာမှ မဟုတ်တာ။

အဲဒီအတွေးနဲ့ အတူ ကျွန်တော့်ပန်းကန်ထဲက လက်ဖက်ထမင်းကို သုံးဇွန်းလောက် ခပ်သွက်သွက်ဆင့်ပြီး ဝါးလိုက်တယ်။ ဒါပေမဲ့ အဲဒီလိုစားနေတုန်းမှာ ပဲ အတွေးတစ်ခု လက်ခနဲ ဝင်လာပြန်တယ်။

"ဒီဆိုင်မှာ ငါ နောက်တစ်ခါ ထပ်လာစားဦးမှာ လား"

အဲဒီအတွေးကို ခေါင်းထဲကနေ ချက်ချင်း မောင်းနှင်ထုတ်ဖို့ ကြိုးစားပေမဲ့ အရမ်း နောက်ကျသွားပါပြီ။ နောက်တစ်ခါ ဒီဆိုင်မှာ လာစားရင် ကျွန်တော့်ရှေ့မှာ လာချတဲ့ ပန်းကန်ဟာ အခု ဟိုသူတောင်း မိန်းမစားထားတဲ့ ပန်းကန်လည်း ဖြစ်နေနိုင်တာပဲ မဟုတ်လား။ အင်း … မဖြစ်ရင်လည်း မဖြစ်ဘူးပေါ့။

ဖြစ်နေရင်ရော …တဲ့ ။ ပန်းကန်တိုင်းကို ဆိုင်ရှင်က သေသေချာချာ ဆေးကြောထားပြီးသား ဖြစ်မှာ သေချာပါတယ်။ ဒါကို ရွံ့စရာအကြောင်း မရှိဘူးပေါ့။ ဒါပေမဲ့ စိတ်ဆိုတာ ပြောရခက်တယ် မဟုတ်လား။

အခုလိုမျိုး အတွေးတွေ ပြန်အန်ထုတ်ပြနေလို့ ကျွန်တော့်ကို "သက်သက်ကြီးကျယ်တဲ့ လူ" လို့ တော့ မထင်စေချင်ဘူးဗျာ။ ကျွန်တော်လည်း နွမ်းနွမ်းပါးပါး မိသားစုက မွေးဖွားလာခဲ့တဲ့ သူပါ။ ငယ်စဉ်ကလေး ဘဝတုန်းက နေ့လယ်စာဟင်းမရှိလို့ မုန့်ဟင်းခါးကို ထမင်းနဲ့ နယ်စားပြီး ဘဝကို ရုန်းကန်ခဲ့ရသူပါ။

ပြီးတော့ ကျွန်တော်က အနုပညာသမား။ အဆင့်အတန်း မခွဲခြားတဲ့ အပြင် သူများ တွေ့ရင်ထဲ ဝင်ပြီး ခံစားပေးရတဲ့ ကိုယ်ချင်းစာတရားနဲ့ အသက်မွေးနေသူ။

အဲ... ဒါပေမဲ့ အခုကိစ္စမှာ ခက်နေတာက သူတောင်းစား မိန်းမရဲ့ နေရာကဝင်ပြီး ခံစားရမှာ လား။ အလိုက်ကမ်းဆိုးမသိတဲ့ သူတော်ကောင်း ငတုံးကြီးရဲ့ နေရာက ဝင်ခံစားရမှာ လား။ တခြား စားသုံးသူတွေရဲ့ နေရာက ဝင်ခံစားရမှာ လား။ ဆိုင်ရှင်နေရာက ဝင်ခံစားရမှာ လား။

ကဲ... ပြောကြစမ်းပါဗျာ။ မရှက်တမ်းဝန်ခံရရင် ကျွန်တော့်ရင်ထဲမှာ ဆင်ခြေအမျိုးမျိုးနဲ့ တည်ဆောက်ထားတဲ့ 'လူလူချင်း ခွဲခြားလိုစိတ်' လေးတော့ ရှိနေတယ်ဗျ။ ပြီးတော့ ပိုဆိုးတာက အဲဒါကို ဝန်မခံချင်ဘူး။

ကြည့်လေ... စောစောတုန်းကဆို 'ဆိုင်ရှင်က ဒီအဖြစ်အပျက် တစ်ခုလုံးကို ကန့်ကွက် မောင်းထုတ်လိုက် စေချင်တဲ့ ဆန္ဒ' က ကျွန်တော့်ရင်ထဲမှာ အငွေ့တလူလူ တက်လာတယ် မဟုတ်လား။ (လူလူချင်း ခွဲခြားမှုဆိုတဲ့ ) နာမည်ဆိုးတဲ့ အလုပ်ကို ဆိုင်ရှင်ဘက်ကနေ တာဝန်ယူပြီး လုပ်စေချင်တာလေ။ ဟူး... ခက်တာက ဆိုင်ရှင်ကလည်း ဘာကိုင့်နေမှန်း မသိဘူး။ တုတ်တုတ်မှ မလှုပ်ဘူးဗျ။

ဆိုင်ရှင်ကပဲ မှားနေတာလား။ ကျွန်တော်တို့ ကပဲ မှားနေတာလား။

ပုဆိုးအနီကွက်နဲ့ စေတနာရှင်ကြီးကပဲ မှားနေတာလား။

ဟော… ဟိုဘက်ဝိုင်းက အမျိုးသမီး သုံးယောက်ကတော့ စားလက်စတန်းလန်းကို ရပ်ပြီး ပိုက်ဆံရှင်းနေကြပြီ။ အင်း… ကျွန်တော်လည်း ပိုက်ဆံရှင်းပြီး ပြန်မှ နဲ့ တူတယ်…

**မင်းခိုက်စိုးစန်**

***




# ဆာလောင်ခြင်းများ နှင့် လူ

## (၁)

ရှေ့တစ်ပတ်ဆိုရင် ကျွန်မယောက်ျားကို တရားရုံးက အမိန့်ချတော့မှာ တဲ့ ။ ကျွန်မတို့ ရှေ့နေက ပြောတယ်။ ပစ္စည်းအလွဲသုံးစားမှုဆိုတော့ အနည်းဆုံး ထောင်သုံးနှစ်ကတော့ သေချာတယ်တဲ့ ။ ရဲ

ဘက်မပါဖို့ အတွက် ငွေလိုက်ရမယ်ဆိုပဲ။ ဟင်း … စိတ်ညစ်လိုက်တာ။

ကျွန်မယောက်ျားက ကုန်တင်ကားဝင်းထဲမှာ ဂိုဒေါင်စောင့် အလုပ်ရလို့ လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ ရွာကနေ ထွက်သွားခဲ့တာ။ ကျွန်မတို့ သားအမိကတော့ ရွာက ကျွန်မ မိဘတွေရဲ့ အိမ်ဝိုင်းထဲမှာ နေခဲ့တယ်။

သူ အလုပ်အဆင်ပြေလို့ တစ်နှစ်လောက်နေရင် ကျွန်မတို့ သားအမိတွေ သူနဲ့ အတူ လာနေမယ်လို့ စဉ်းစားထားခဲ့တာ။ ဟော… အလုပ်လုပ်ပြီး ဘာမှ မကြာဘူး။ သုံးလလားပဲ ရှိသေးတယ်။ ပြဿနာတက်ပါလေရော။ သူ့ဆီအပ်ထားတဲ့ ကုန်ပစ္စည်းတွေ ဂိုဒေါင်ဖောက်ပြီး အခိုးခံရတယ်ဆိုလား၊ ဘာလားမသိဘူး။ အဲဒီက မန်နေဂျာကတော့ သူခိုးခိုးတာတွေ ဘာတွေ သူမသိဘူး။ ကျွန်မယောက်ျားဆီမှာ အပ်ထားတဲ့ ပစ္စည်းပျောက်သွားတာဆိုတော့ ကျွန်မ ယောက်ျားကိုပဲ ပစ္စည်းအလွဲသုံးစားမှုနဲ့ တိုင်တယ်လေ။

ပြစ်မှုမြောက်လား ဘာလားတော့ ဥပဒေကိစ္စတွေကို ကျွန်မကောင်းကောင်း နား မလည်ပါဘူး။ မမြောက်မြောက်အောင်လည်း ဒင်းတို့ ကလုပ်တတ်မှာ ပါပဲ။ ကျွန်မယောက်ျား ကတော့ ပစ္စည်းအလွဲသုံးစားမှုနဲ့ ထောင်ကျခါနီးဆဲဆဲ ဖြစ်နေပြီ။ အခိုးခံရတဲ့ ပစ္စည်းတန်ဖိုးက သိန်းချီနေတာ။ ကျွန်မတို့ ဘယ့်နှယ်လုပ်ပြီး လျော်နိုင်ပါ့မလဲ။ အဲဒီတော့ ကျွန်မတို့ ဆင်းရဲသား တွေအဖို့ ထောင်ထဲဝင်ရုံကလွဲပြီး ဘာတတ်နိုင်တော့မှာ လဲ။

မရှိမဲ့ရှိမဲ့ ပိုက်ဆံလေးကို ဖျစ်ဖျစ်မြည်အောင် စုဆောင်းပြီး ရှေ့နေငှားခဲ့ရတာ။ ရှေ့နေငှားလည်း ထောင်ကကျမယ်ဆိုတာ အစကတည်းက သိပြီးသား။ ငါးနှစ်ကျမယ့်ကိစ္စ သုံးနှစ်ဖြစ်အောင် လုပ်ပေး

တော့လည်း မဆိုးဘူးလို့ စဉ်းစားတုန်းရှိသေး။ ဟော … အခု ရဲဘက် မပါဖို့ ငွေလိုက်ရမတဲ့ ။ ကြားခါစက ကျွန်မတော့လေ အဲဒီနားတင်ပစ်လဲပြီး သေလိုက်ချင်တယ် အဟုတ်…။ ယောကျ်ား ထောင်ကျမှာ မို့လို့ ကိုယ့်ဘာသာ ဘာလုပ်ကိုင်စားရပ့ါမလဲလို့ ပူရတာကတစ်မျိုး။ တကယ်ပါရှင်။ မရှိတဲ့ ဆင်းရဲသား ကျွန်မတို့ မှာ ပဲ ပြဿနာပေါင်း သောင်းခြောက်ထောင် တတ်လည်း တတ်နိုင်တယ်။ အမှုဖြစ်ရတာနဲ့ ပိုက်ဆံအများကြီးကုန်မှ ပျောက်မယ့် ရောဂါဖြစ်ရတာနဲ့ … ဟူး… မော်တယ်။

ကဲ… မတတ်နိုင်ပါဘူးလေ။ လိုလိုမည်မည် ဆောင်လာတဲ့ ပိုက်ဆံတစ်သိန်းနှစ်သောင်းကို ရှေ့နေလက်ထဲ အပ်လိုက်ရတယ်။ ရှေ့နေက တစ်သိန်းခွဲလောက်မှ အဆင်ပြေမယ် လုပ်သေးတာ။ ကျွန်မလည်း ကျွန်မမှာ ပါတာ အဲဒါအကုန်ပဲလို့ ပြောလွန်းမကပြောမှ သူလက်ခံသွားတာ။ ဒါတောင် အမေ့အိမ်ဝိုင်း စာချုပ်လေးကို အမေတို့ မသိအောင် ပေါင်ခဲ့ရတာ။ သိသွားရင် ပြဿနာက မီးခိုးကွက်လျှောက် တက်ဦးမှာ ။ မပေးပြန်တော့လည်း တစ်ဖက် ကျွန်မ ယောကျ်ားလေ။ မတော်လို့ ကျောက်ထုစခန်းတွေ ဘာတွေရောက်သွာပြီး ငှက်ဖျားမိသေတော့မှ ပိုဆိုးမယ်။

အချုပ်ထဲမှာ စားဖို့ သောက်ဖို့ အခြောက်အခြမ်းလေးနဲ့ ကော်ဖီမစ်လေး၊ ဆေးလိပ်လေး ဝယ်ပေးပြီးတဲ့ အခါမှာ တော့ ကျွန်မလက်ထဲမယ် ပိုက်ဆံ (၁၀၀)တန်တစ်ရွက်ပဲ ကျန်ခဲ့တော့တယ်။ မဝယ်ပေးလို့ လည်း မဖြစ်ဘူး။ သူအမိန့်ချမယ့် နောက်တစ်ပတ်မှာ ကျွန်မလာဖြစ်မယ်၊ မလာဖြစ်ဘူးဆိုတာ မရေရာတော့ဘူးလေ။ အချုပ်ထဲက ယောကျ်ား စိတ်မချမ်းမသာဖြစ်မှာ စိုးလို့ အားတင်းပြီး ပြုံးပြနေရပေမယ့် ကျွန်မရင်ထဲမှာ တော့ ဗလောင်ဆူနေပြီ။ ရုံးချိန်းပြီးလို့ အချုပ်ကားအပြာကြီး ကျွန်မမျက်စိရှေ့က ပျောက်သွားတဲ့ အခါမှာ တော့ ကျွန်မခြေတွေ လက်တွေ

တောင် ကတုန်ကယင် ဖြစ်လာသလိုပဲ။

လက်ထဲက ပိုက်ဆံ (၁၀၀)နဲ့ ပန်းတနော်ကို ဘယ်လိုပြန်ရပ့ါမလဲ။ ပြီးတော့ ကျွန်မရော ကျွန်မကလေးရော ဘာမှ စားကြရသေးတာ မဟုတ်ဘူး ။ အဲဒီလို စဉ်းစားလိုက်တော့မှ ဗိုက်က ပိုဆာလာသလိုပဲ။ အိပ်ရေးပျက် ရက်တွေကများ ပြီး မနက်စောစော ကတည်းက ဘာမှ မစားရသေးတော့ လူကနုံးခွေပြီး ယိုင်လဲချင်နေပြီ။

ကျွန်မ ဘာလုပ်ရမလဲဟင်...

ကျွန်မက သားလေးကိုချီပြီး တာမွေလမ်းမတွေအတိုင်း လျှောက်လာနေမိတယ်။ အခု အချိန်ထိ ကျွန်မ ဘာလုပ်ရမယ် ဆိုတာကို စိတ်က မဆုံးဖြတ်နိုင်သေးဘူး။ ဟင်း... နေကလည်း ပူလိုက်တာ။ ဒီလိုသာ လျှောက်သွားနေရင် င့ါသားလေး အပူမိပြီး ဖျားတော့မယ်။ ကလေးဖျားမှ ပိုဒုက္ခရောက်ဦးမယ်။ ဒီကနေ ဒဂုံဧရာအဝေးပြေးကို ကားစီးသွားရင်ကောင်းမလား။ ကားခကိုတော့ ဒီလိုပဲ ကြည့်ကျက်ပြောရမှာ ပဲ။

အဲဒီလိုတွေးနေမိတဲ့ အချိန်မှာ ပဲ ကျွန်မရှေ့ကနေ သူတောင်းစား သားအမိနှစ်ယောက်က မီးပွိုင့်မှာ ရပ်ထားတဲ့ ကားတွေနားသွားပြီး ပိုက်ဆံတောင်းနေတာကို မြင်လိုက်ရတယ်။ သူတို့ အဝတ်အစားဟာ ကျွန်မ အခု ဝတ်ထားတာထက်တောင် ပြောင်ရောင်သေးတယ်။ သူချီ ထားတဲ့ ကလေးလေးက ငါးမုန့်ကြော်ထုပ်ကလေးကို ဖောက်စားလို့ ...။ ကားထဲကလူက အဲဒီ သူတောင်းစား မိန်းမကြီးဆီကို နှစ်ရာတန်တစ်ရွက် လှမ်းပေးလိုက်တယ်။ ရပ်ထားသမျှ ကားတွေ ဆီ တစ်စီးပြီးတစ်စီး လိုက်တောင်းတယ်။ (၅၀)တန်ပေးတဲ့ သူကပေး။ (၁၀၀)တန်ပေးတဲ့ သူကပေး၊ လုံးဝမပေးတဲ့ ကားက မပေးနဲ့ ။ ပြီးတော့ ကားတွေမီးပွိုင့်စိမ်းလို့ ထွက်သွားတဲ့ အခါ အဲဒီ သူတောင်းစား မိန်းမကြီးက လမ်းဘေး အ

စားအသောက်ဆိုင် တစ်ဆိုင်ထဲဝင်ပြီး တောင်းပြန်တယ်။

အဲဒီမြင်ကွင်းကို ကြည့်ပြီး ကျွန်မစိတ်ထဲ ဖျတ်ခနဲဝင်လာတဲ့ စိတ်ကူးကို ကိုယ့်ဘာသာ ပြန်သိမ်ငယ် သွားမိတယ်။ ကျွန်မတို့ က ဆင်းရဲတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ဘယ်တုန်းကမှ ဘယ်သူ့ဆီကမှ တောင်းရမ်းပြီး မစားသောက်ခဲ့ရဖူးပါဘူး။ အခုတော့... အဲဒီလိုမှ မလုပ်ရင် ကျွန်မရော ကျွန်မကလေးရော ဒုက္ခရောက်တော့မယ်။

ဒါနဲ့ ကျွန်မအရဲစွန့်ပြီး စောစောက မိန်းမကြီးလုပ်သလို ရပ်ထားတဲ့ ကားတွေနားသွား လိုက်တယ်။ ကျွန်မပါးစပ်က ဘာပြောရမှန်း မသိဘူး။ ကျွန်မ အဲဒီကားဘေးမှာ ပေပေကြီးရပ် နေမိတယ်။ ကားထဲကလူက ‘ဘာလဲဟ’ ဆိုတဲ့ မျက်နှာပေးနဲ့ မနှစ်မြို့သလိုကြည့်ရင်း ကားကို ရှေ့ကိုနည်းတည်း တိုးသွားတယ်။ ကျွန်မ ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ ရုတ်တရက် ရင် ဘတ်ထဲမှာ ဆို့နစ်လာသလိုပဲ။ ကျွန်မမျက်နှာတစ်ခုလုံး ခါချဉ်ကောင်အနီတွေ အကိုက်ခံရသလို ရဲတွတ် ပူလောင်လာတယ်။

ကျွန်မ ရှေ့ဆက်တိုးဖို့ အင်အားမရှိတော့တာနဲ့ နီးစပ်ရာ ပလက်ဖောင်းပေါ်မှာ ထိုင် ချလိုက်ရတယ်။ သားလေးကတော့ ဘာမှ မသိသလို မျက်လုံးလေးနဲ့ ကျွန်မကို စောင့်ကြည့်နေတယ်။ သားလေးတစ်ကိုယ်လုံး ချွေးတွေချည်းပဲ။ ဒါနဲ့ ကျွန်မက သားရဲ့ ချွေးစိုနေတဲ့ အပေါ်အင်္ကျီလေးကို ချွတ်ပြီး အိတ်ထဲ ထည့်သိမ်းလိုက်တယ်။

"အမေ... သားဗိုက်ဆာတယ်။ ရေလည်း သောက်ချင်တယ်"

"အေး... အေးပါသားရယ်။ ခဏနေ အမေ ဝယ်ကျွေးမယ်နော်"

ကျွန်မ ဘာလုပ်ရမှန်း မသိတော့ဘူး။ ကျွန်မလေ စိတ်ညစ်လွန်းလို့ ထိုင်သာ အော်ဟစ် ငိုလိုက်ချင်တော့တယ်။ ကျွန်မလည်း ဟိုလူ့ဆီက တောင်းရကောင်းနိုး၊ ဒီလူ့ဆီက တောင်းရ ကောင်းနိုးနဲ့ လျှောက်လာလို

က်တာ တဖြည်းဖြည်း မုန့်ဆိုင်တွေအများကြီးနဲ့ လူတွေစည်ကားတဲ့ နေရာကို ရောက်လာတယ်။ ကျွန်မက ကိုယ့်စိတ်ကူးကို ကိုယ်ပြန်ရှက်နေတာနဲ့ တခြားလူတွေကို မလုံမလဲ လိုက်ကြည့်နေမိတယ်။ တခြားလူတွေကတော့ စားဟယ်၊ သောက်ရယ်၊ သွားလာစကားပြောရယ်နဲ့ သူတို့ ဘာသာသူတို့ အလုပ်ရှုပ်နေကြတယ်။ ကျွန်မတို့ သားအမိကို ဘယ်သူမှ သတိထားမိကြပုံ မပေါ်ဘူး။

လောကကြီးကလည်း အဲဒီအတိုင်းပဲ ထင်ပါရဲ့ ။ လူတွေကသာ ကိုယ့်စိတ်ကျော့ကွင်းထဲမှာ ကိုယ်သာလျှင်ပဲ ထင်ထင်ရှားရှားကြီး ဖြစ်နေလေတော့ ကိုယ်ဘာလုပ်လုပ်၊ ကိုယ်လုပ်နေ ကိုင်နေတာကိုပဲ တခြားလူတွေက စောင့်ကြည့်နေသလို ထင်မိတတ်ကြတယ်နဲ့ တူတယ်။ တကယ်တော့ လောကကြီးမှာ ဘယ်သူဘယ်သူ့ကိုမှ အချိန်ကုန်ခံပြီး စောင့်ကြည့်နေမှာ မဟုတ်ဘူး ။

အခု ကျွန်မလည်း ကျွန်မဘဝနဲ့ ကျွန်မအကြောင်းပဲ။ ဘယ်သူ့ကို ဂရုစိုက်နေရမှာ လဲ။ ကျွန်မက ခိုးဝှက်ဖို့ ကြိုးစားနေတာမှ မဟုတ်တာ။ ရှက်စရာမလိုပါဘူး။ ကျွန်မက မသိစိတ်ကို သိစိတ်ကြိုးနဲ့ ခပ်တင်းတင်း ဆွဲချည်ပစ်လိုက်တယ်။

***

(၂)

"ကျွန်မတို့ သားအမိ ဘာမှ မစားရသေးလို့ ပါရှင်။ အကြွေလေးများ

ပါရင် စွန့်ကြဲပါဦး"

ကျွန်မက လက်ထဲကိုရောက်လာတဲ့ (၂၀၀)တန်ကို ငေးကြည့်နေမိတယ်။ အခု (၂၀၀)နဲ့ ကျွန်မမှာ ကျန်နေတဲ့ (၁၀၀)နဲ့ ဆို ရေတော့ ဝယ်သောက်လို့ ရပြီထင်တယ်။ ဒါနဲ့ ကျွန်မလည်း လူမမြင်သူမမြင် နီးစပ်ရာဆိုင်လေးတစ်ဆိုင်ကို သွားပြီး ရေသန့်ဘူး ဝယ်လိုက်တယ်။ ပြီးတော့ သားလေးနဲ့ ကျွန်မသောက်လိုက်တာ ရေတစ်ဘူးလုံး ကုန်ပါရောလား။ ဗိုက်ထဲတော့ အဆာပြေသလို ဖြစ်သွားတယ်။

ကျွန်မလည်း သားလေးကို လက်ဆွဲပြီး တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဝင်တောင်းလိုက်တယ်။ အဲဒီနားတစ်ဝိုက်က ဘာရပ်ကွက်လဲတော့ မပြောတတ်ဘူး။ ဈေးဆိုင်တွေ အများကြီးပဲ။ လမ်းမနဲ့ တော်တော်နီးနီး ဆိုင်လေးတွေထဲပဲ ကျွန်မ ဝင်တောင်းရဲတယ်။ ဒီလိုနဲ့ နှစ်ယောက်၊ သုံးယောက်ကို တောင်းပြီးတဲ့ အချိန်မှာ ကျွန်မ ပါးစပ်နည်းနည်း ရဲလာတယ်။ 'ကျွန်မတို့ သားအမိ ဘာမှ မစားရသေးလို့ ပါရှင်။ အကြွေလေးများ ပါရင် စွန့်ကြဲခဲ့ပါဦး' ဆိုတဲ့ စကားတွေကို အလိုလို လျှောခနဲ လျှောခနဲ ထွက်ကျလာတော့တယ်။

တချို့ကလည်း မကြိုက်သလိုနဲ့ ခေါင်းကိုခါပြတယ်။ တချို့ဆိုင်တွေထဲ ဝင်တောင်းတော့ ကျွန်မတို့ ကို မောင်းထုတ်တယ်။ တချို့ မိန်းမကြီးတွေကျတော့လည်း ...

"အမယ်လေး... ခြေအကောင်း လက်အကောင်းနဲ့ ကိုယ့်ဘာသာ လုပ်ကိုင်စားပါတော့လား။ အလကား ရေသာခို အချောင်သမားစိတ်နဲ့ သွား ... သွား... မပေးဘူး"

လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ဒေါသထွက်ပြီး ပြောသေးတာ။ ကျွန်မဖြင့် အံ့ညြပါရဲ့ ...။ သူ့ဘာသာ ဘာကြောင့် ပဲ တောင်းတောင်း သူတောင်း

စားပဲ မရှိလို့ တောင်းစားတာ။ မပေးချင်ရင် ဘာမှ မပြောဘဲ နေလို့ ရရဲ့ သားနဲ့ အလကား အကုသိုလ် ဝင်ယူနေသေးတယ်။

အဲဒီလိုနဲ့ ကျွန်မလည်း ဟိုဝင်တောင်း ဒီဝင်တောင်း တောင်းလိုက်တော့ လက်ထဲမှာ သုံးရာလောက် ထပ်ရလာတယ်။ ကျွန်မက ဒီတစ်ခါ သုံးရာလောက်ထပ်ရရင် သားလေးအတွက် စားစရာတစ်ခုခု ဝယ်လို့ ရပြီဆိုတဲ့ စိတ်ကူးနဲ့ အသုပ်စုံရောင်းတဲ့ ဆိုင်လေးတစ်ဆိုင်ထဲ ဝင်လိုက်တယ်။ ကျွန်မကို ဆိုင်ရှင် မောင်းထုတ်လေမလားလို့ တစ်ချက် အကဲခတ်လိုက်တော့ ဆိုင်ရှင်က ကျွန်မဝင်လာတာကို မြင်ပေမယ့် သူ့ဘာသာ အေးအေးဆေးဆေးပဲ ကောင်တာမှာ ထိုင်နေတာကို တွေ့ရတယ်။ ဆိုင်ထဲမှာ တော့ စားပွဲဝိုင်း များများ စားစား မရှိဘူး။ ဒါနဲ့ ကျွန်မက အပြင်ဘက်ဆုံးဝိုင်းမှာ ထိုင်နေတဲ့ ကျောင်းဆရာမတို့ ဝိုင်းနားသွားပြီး ...

"ကျွန်မတို့ သားအမိ ဘာမှ မစားရသေးလို့ ပါရှင်။ အကြွေလေးများ ပါရင် စွန့်ကြဲခဲ့ပါဦး"

ကျောင်းဆရာမက (၅၀)တန်တစ်ရွက် ထုတ်ပေးတယ်။ ကျွန်မလည်း ပိုက်ဆံလက်ထဲ ရောက်တာနဲ့ ခပ်သုတ်သုတ်ပဲ တစ်ဖက်ဝိုင်းကို ကူးလိုက်တယ်။ တစ်ဖက်ဝိုင်းမှာ က လူရည်သန့်သန့် မျက်မှန်တပ်ထားတဲ့ အသက် (၄၀)ကျော်အရွယ် လူတစ်ယောက် ထိုင်စားနေတာပါ။ ကျွန်မက သူ့နားကိုရောက်လို့ ထုံးစံအတိုင်းပြောပြီး တောင်းဖို့ ပြင်လိုက်စဉ်မှာ ပဲ အဲဒီလူက စားပွဲ ထောင့်စွန်းက ငရုတ်ကောင်းမှုန့်ဘူးအောက်မှာ ဖိထားတဲ့ (၂၀၀)တန်တစ်ရွက်ကို မေးငေါ့ပြတယ်။

အဲဒီ (၂၀၀)တန်ကို တွေ့တော့ ကျွန်မ ဝမ်းသာသွားတယ်။ 'ကျေးဇူးတင်လိုက်တာရှင်' လို့ စိတ်ထဲကပြောရင်း သူ့ကိုကြည့်လိုက်တော့ သူက မျက်မှောင်ကို ကုတ်ထားပြီး ကျွန်မနဲ့ တမင်ကိုပဲ အကြည့်လွှဲထားတယ်။

သူ့ပုံစံက ကျွန်မ ဒီနားမှာ ရှိနေတာကို မနှစ်မြို့တဲ့ ပုံပဲ။ ရွံ့သလိုလို ရှာသလိုလို မျက်နှာနဲ့ ...။

ပြီးတော့ ဘာစိတ်ကူးပေါက်သွားလဲ မသိဘူး။ သူ့အင်္ကျီအိတ်ကပ်ထဲက အကြွေ (၁၀၀) တန်တစ်ရွက်ကို သူက ပိုက်ဆံရဲ့ ထိပ်နားကျကျ အစွန်းကကိုင်ပြီး ကျွန်မဆီ လှမ်းပေးပြန်တယ်။ ကျွန်မ လူတွေကို နားမလည်ဘူး ဖြစ်သွားတယ်။ အခု ဒီမျက်မှန်နဲ့ လူဟာ သူတောင်းစားကို စေတနာရှိလို့ သာ ပိုက်ဆံ (၃၀၀) အလကား ပေးတာပေ့ါ။ ဒါပေမဲ့ အဲဒီစေတနာနဲ့ တစ်ဆက်တည်း လူလူချင်း အဆင့်အတန်း ခွဲခြားစိတ်၊ မနှစ်မြို့စိတ်လည်း သူ့ဆီမှာ အပြည့်ရှိတယ်။ သူတောင်းစားရဲ့ လက်နဲ့ တစ်ချက်ကလေး မတော်တဆ ထိလိုက်မိမှာ ကို ရွံ့တဲ့ စိတ်နဲ့ ပိုက်ဆံကို ပေးတာတောင် ထောင့်နားစွန်းက ကိုင်တယ်ဆိုရုံလေး ကိုင်ပြီးပေးတယ်။ ကျွန်မ သံဝေဂရစွာ ခေါင်းလေးတစ်ချက် ညိတ်လိုက်မိတယ်။

အဲဒီအချိန်မှာ ပဲ ...

"ဟေ့... လာ... လာ... ဒီကိုလာ"

အမျိုးသမီးသုံးယောက်ဝိုင်းဆီ ခြေလှမ်းပြင်နေတဲ့ ကျွန်မက ခေါ်သံကြောင့် လှမ်း ကြည့်လိုက်မိတယ်။ ပုဆိုးအနီကွက်ဝတ်ထားတဲ့ လူကြီးက ဆိုင်ကောင်တာရှေ့ စားပွဲကနေပြီး ကျွန်မကို လက်ယပ်ခေါ်နေတယ်။ ကျွန်မလည်း သူ့နားရောက်ရော...

" လာလေဟာ... နင့်ကလေး ဒီမှာ ချ။ ကိုင်း... ထိုင်စမ်း နင် မစားရသေးဘူးဆိုရင် ဟောဒီ မှာ ကြိုက်တာ မှာ စားစမ်းဟာ"

"ရှင်... ဦးလေး... ဟို... ဟို... ကျွန်မ..."

"ဘာဖြစ်နေတာလဲ... စားစမ်းပါဟဲ့။ ငါ့ဒါနပေ့ါဟာ"

အဲဒီလူကြီးရဲ့ အပြောကြောင့် ကျွန်မဆတ်ခနဲ လန့်သွားတယ်။ ပြီးတော့ တစ်ဆိုင်လုံး ကိုလည်း မဝံ့မရဲ လိုက်ကြည့်မိသွားတယ်။ ကျွန်မစိတ်အထင် တစ်ဆိုင်လုံးဟာ တိတ်ဆိတ် မှောင်မိုက်သွားသလိုပဲ။ စောစောက စကားတွေ ပလုံစီအောင် ပြောနေတဲ့ စကားသံတွေကလည်း တစ်ဝက်တစ်ပျက်၊ အားလုံးဟာ သံပတ်ကုန်သွားလို့ ရပ်တန့်သွားတဲ့ စက်ရုပ်တွေလိုပဲ…။ အားလုံးက မျက်လုံးသေကြီးတွေနဲ့ ကျွန်မတို့ ကို မသိမသာ ခိုးကြည့်နေကြတယ်။

ကျွန်မက မဝံ့မရဲ လေသံခပ်တိုးတိုးနဲ့ …

"ဟိုလေ… ကျွန်မကို ပိုက်ဆံပဲ ပေးလိုက်ပါလား။ တခြားမှာ သွားဝယ်စား လိုက်မယ်လေ"

လို့ ပြောလိုက်တော့ အဲဒီ ပုဆိုးအနီကွက်နဲ့ လူကြီးမျက်နှာ ရုတ်တရက် မာတင်းသွားပြီး…

"အံမယ်… လက်စသတ်တော့ နင်က ပိုက်ဆံလိုချင်လို့ တမင် လိမ်တောင်းတာပေါ့။ ဟုတ်လား… ဖွီ… တချို့ကလည်း စေတနာနဲ့ မတန်ဘူး။ သူများကလေးကို ငှား လာပြီး လူတွေ သနားအောင် အကြံအဖန် လုပ်ချင်ကြတယ်"

အဲဒီလူကြီးအပြောကြောင့် ကျွန်မ တကယ်ကိုပဲ စိတ်ပျက်သွားမိတယ်။ ကျွန်မတို့ အခု ပုံစံနဲ့ ဒီမှာ ထိုင်စားလို့ မသင့်တော်ဘူးဆိုတာ အဲဒီလူကြီး မသိဘူးလား မသိဘူး။ ကျွန်မက လေသံကို အတတ်နိုင်ဆုံး နှိမ့်ပြီး …

"မဟုတ်ပါဘူးရှင်…။ ဒါ ကျွန်မကလေးပါ။ ဘုရားစူးရစေရဲ့ ။ ကျွန်မတို့ တကယ်ဗိုက် ဆာနေလို့ ပါ"

အဲဒီအခါကျတော့မှ လူကြီးက စိတ်ပြေသွားတဲ့ ကလေးဆိုးကြီးလေသံနဲ့ ...

"ကိုင်း... ကိုင်း... ဒါဖြင့်လည်း မှာ ပေတော့။ ငါက နင့်ကို ဗိုက်ဟောင်းလောင်းနဲ့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် တောင်းနေရမှာ စိုးလို့ စေတနာနဲ့ ပြောတာ။ ဒီဆိုင်က လက်ဖက်ထမင်း ကောင်းတယ်ဟဲ့။ စား... စား... ကလေးကိုလည်း ကျွေး... ကျသလောက် ငါရှင်းမယ်။ ကြက်ဥကြော်နဲ့ ပါ လုပ်ဟေ့..."

ခက်တော့တာပဲ။ ကျွန်မ ဘယ်လိုဆုံးဖြတ်ရမလဲ။ တခြား စားနေတဲ့ လူတွေကိုလည်း အားနာတယ်။ သူတို့ က ကျွန်မတို့ ကို ရှုံ့မှာ ပေ့ါ။

"ဟိုလေ... ကြွပ်ကြွပ်အိတ်လေးနဲ့ ပဲ ထည့်လိုက်ပါလား။ ကျွန်မ... တခြားမှာ ပဲ"

"ဟယ်... နင့်မလည်း ရှည်လိုက်တာ။ နေပူကြီးထဲ ကလေးကိုခေါ်ပြီး ဘယ်သွားဦးမလို့ လဲ။ စားမှာ စားစမ်း။ ငါကကျွေးရင် စားမှ ကြိုက်တယ်"

ဒုက္ခပါပဲ။ စိတ်ညစ်လိုက်တာ။ ကျွန်မတို့ ဒီဆိုင်ထဲက စားပွဲမှာ တခြားလူတွေနဲ့ အတူတူ ထိုင်စားလို့ ဘယ်ဖြစ်မလဲ။ ဒီအချိန်မှာ သူတို့ မြင်ထားတာက ကျွန်မဟာ ‘သူတောင်းစားမ’ တစ်ယောက်လေ။ ဒါဆိုရင် ကျွန်မ လုံးဝမစားဘဲ ငြင်းထွက်ခဲ့မှာ လား။ ဟင့်အင်း... အဲဒီလိုလည်း မလုပ်နိုင်ဘူး။ အခုမှ ကျွန်မလက်ထဲမှာ ငွေကလေး (၆၅၀)တည်းရယ်။ ဒါလေးနဲ့ သားကို တစ်ခုခု ဝယ်ကျွေးလို့ တော့ ရပါရဲ့ ။ ဒါပေမဲ့ ထမင်းပဲစားပြီး သူတောင်းစားဘဝနဲ့ ရန်ကုန်မှာ ဘယ်လောက် သောင်တင် နေရဦးမှာ လဲ။

အခုကျွေးတဲ့ ထမင်းကိုစား။ လက်ထဲက ပိုက်ဆံလေးကို လမ်းစရိတ်

လုပ်ပြီး ကားကြီး ဝင်းထိရောက်အောင် သွားနိုင်ရင် အဆင်ပြေပြီ။ ကားကြီးဝင်းရောက်မှ ပန်းတနော်ဘက် သွားမယ့် ကြုံရာကား တက်စီး သွားလို့ ကိုယ့်ရပ်ကိုယ့်ရွာနား ရောက်ပြီဆို ဘာမှ ပူစရာ မလိုတော့ဘူး။ အို… စေတနာရှင်ပေါ်တုန်း စားလိုက်တာပဲ ကောင်းပါတယ်။ ဆိုင်ထဲမှ စားတဲ့ ဝိုင်းလည်း သိပ်ရှိတာမှ မဟုတ်တာပဲလေ။

ဆိုင်ရှင်ကို လှမ်းကြည့်လိုက်တော့ ဆိုင်ရှင်က မကြည်ဖြူသလို မျက်နှာကိုမဲ့ပြီး တစ်ဖက်လှည့်သွားတယ်။ အို… ကျွန်မ လှည့်ပြန်လိုက်တာပဲ ကောင်းမယ် ထင်ပါရဲ့ ။ ဟင့်အင်း… မဖြစ်သေးပါဘူးလေ။ ထိုင်စားလိုက်တာပဲ ကောင်းပါတယ်။

ကျွန်မက ဆုံးဖြတ်ချက်ချပြီး စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ ခဏကြာတော့ စားပွဲထိုး ကောင်မလေးက လက်ဖက်ထမင်းသုပ်နှစ်ပွဲ လာချပေးတယ်။

"ဒေါက်"

စားပွဲခုံနဲ့ ပန်းကန်နဲ့ ထိလိုက်သံဟာ ပုံမှန်ထက် ပိုကျယ်နေသလိုပဲ။ တမင်ဆောင့်ပြီး ချလိုက်တာ များ လား။ ကျွန်မရင်ထဲ ထိတ်ခနဲ သံသယဖြစ်သွားတယ်။ စိတ်မလုံသလို ဖြစ်လာတာနဲ့ ဘေးဘီကို ကြည့်လိုက်တော့ ဟိုးဘက်ဝိုင်းက အမျိုးသမီးသုံးယောက်က ကျွန်မတို့ ဆီ မသိမသာ ခိုးကြည့်နေရာကနေ စားလက်စ ဇွန်းတွေကိုချပြီး သိသိသာသာပဲ မျက်နှာပျက်သွားကြတယ်။

ကျွန်မ ပထမဆုံး ဝင်တောင်းတဲ့ ဝိုင်းက ဆရာမကလည်း ပိုက်ဆံရှင်းဖို့ စားပွဲထိုးကို လှမ်းခေါ်နေပြီ။ သူ့ပုံစံက ဒီဆိုင်ထဲကနေ ခပ်မြန်မြန် ထွက်သွားချင်တဲ့ ပုံပဲ။ သွားပြီ။ အားလုံး ကျွန်မကြောင့် စိတ်အနှောင့်အယှက် ဖြစ်ကုန်ကြပြီ။ ငါ မြန်မြန်စားပြီး ပြန်ထွက်မှ ပါလေ။

ကျွန်မ လည်း ထမင်းလုတ်တွေကို ဇွန်းနဲ့ မြန်မြန် သွက်သွက်ခပ်ပြီး ပါးစပ်ထဲ ထည့်လိုက်တယ်။ ဒါပေမဲ့ ဘာကြောင့် မှန်း မသိဘူး။ ကျွန်မစားနေတဲ့ ထမင်းလုတ်တိုင်းဟာ နင်နေတယ်။ မသဒ္ဒါ ရေစာကို မျိုရသလို လည်ချောင်းတစ်ခုလုံး အောင့်မျက် နာကျင်နေတာပဲ။

'ရှိကြီးခိုးပါရဲ့ ...။ ရှင်တို့ တွေ ပြီးအောင်မစားဘဲ ထွက်မသွားကြပါနဲ့ ဦး... တော်ကြာ ဆိုင်ရှင်က သူ့စီးပွားရေးကို ထိခိုက်အောင် လုပ်တယ်ဆိုပြီး ကျွန်မကို ငြိုငြင်သွားပါဦးမယ်'

အဲဒီအတွေးနဲ့ ဆိုင်ရှင်ကို ကျွန်မက မဝံ့မရဲ လှမ်းကြည့်လိုက်တော့ ဆိုင်ရှင်က တစ်ခုခုကို အလိုမကျတဲ့ ပုံနဲ့ မျက်မှောင်ကြီးကုတ်ပြီး ဟိုးအဝေးတစ်နေရာကို ငေးနေတယ်။ ဟုတ်ပါတယ် ဒုက္ခပဲ။ ငါ့ကြောင့် အားလုံး စိတ်အနှောင့်အယှက်တွေ ဖြစ်ကုန်ကြပြီ။ အခုနေ ငါ့မှာ သာ ပိုက်ဆံရှိရင် အခု စားလက်စပန်းကန်ကို ပေါက်ခွဲပြီး အားလုံးကို လျော်ပေးလိုက်ချင်တယ်။ တစ်သက်နဲ့ တစ်ကိုယ် ပိုက်ဆံမရှိတဲ့ အခြေအနေမျိုးတွေ အများကြီး ကြုံခဲ့ဖူးပါရဲ့ ...။ အခုလိုမျိုး လူတကာ အော့နှလုံးနာခံရတဲ့ ဘဝမျိုးကိုတော့ တစ်ခါမှ မရောက်ဖူးပါဘူး။

ဟင်း... တောက်...။

ကျွန်မရဲ့ မျက်စောင်းက ဇွတ်အတင်းခေါ်ကျွေးတဲ့ ဟိုစေတနာရှင်ကြီးဆီ ရောက်သွားတယ်။ ဦးလေးရယ်... ကျွန်မပြောတဲ့ အတိုင်း ကြွပ်ကြွပ်အိတ်နဲ့ ထည့်ပေးလိုက်ရင် ပြီးတဲ့ ကိစ္စကို...။ ဘာဖြစ်လို့ များ သူတောင်းစားဘဝကို ရွှေအနားကွပ်ဖို့ ကြိုးစားရတာပါလိမ့်...။

ဟုတ်ပါတယ်။ ကျွန်မဟာ အခု တောင်းစားတဲ့ သူပါ။ ဒါပေမဲ့ ဘယ်တုန်းကမှ ကိုယ့် ကြောင့် သူများ တကာ စိတ်အနှောင့်အယှက်ဖြစ်အောင် သူတစ်ပါးစီးပွားရေး ပျက်စီးအောင် မလုပ်ခဲ့ဖူးဘူး။ ကြည့်စမ်း... အခု

တော့ ကျွန်မ လူတွေအများကြီးကို ဒုက္ခပေးမိပြီ။ စောစောက မိနစ်ပိုင်း အထိ ကျွန်မက သူတောင်းစားပဲ ရှိပါသေးတယ်။ ဟော... အခုကျတော့ လူတကာ မသတီချင်စရာ အကောင်ကြီးကိုဖြစ်လို့ ။

ကဲ... ဒီတော့ ကျွန်မကို လူလိုသူလိုခေါ်ကျွေးတဲ့ စေတနာ ဖြူစင်သူကြီးကို ကျေးဇူးတင် ရမှာ လား... ဒါမှ မဟုတ် ကျွန်မကို သူ တောင်းစားထက်ပိုပြီး သိမ်ငယ်တဲ့ ဘဝ ရောက်အောင် ဆွဲ ချလိုက်တဲ့ အတ္တဒါနရှင်ကြီးကို မုန်းတီး နာကြည်းလိုက်ရမှာ လား...။ ပြောကြစမ်း ပါဦး...။

**ထက်မြတ်နိုင်ဇင်**

***